# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၅၊ ဇူလိုင်လ (၂၄) ရက်
ရန်ကုန်မြို့

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်း (၈)ကြိမ်မြောက်ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်နေ့မှ (၂၄)ရက်နေ့ထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဘက်ကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် UPWC နှင့် NCCT ကိုယ်စားလှယ်များအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (အတည်ပြုမူကြမ်း) အပေါ် လော်ဘီးလားညီလာခံမှ ပြန်လည်အဆိုပြုလာသည့်အချက် (၁၃)ချက်အားအခြေခံလျက် သဘောတူစာချုပ် (အတည်ပြုမူကြမ်း) ကို အချောသတ်သည့် ဆွေးနွေးညှိနှိုင်းခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

၃။ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ပထမပတ်တွင် ကျင်းပရန် နှစ်ဘက်ကိုယ်စားလှယ်များ သဘောတူကြပါသည်။ ၎င်းညှိနှိုင်းဆွေးနွေးပွဲတွင် စာချုပ်(အတည်ပြုမူကြမ်း) အချောသတ်ခြင်းအပြီးဆောင်ရွက်နိုင်ရန် နှစ်ဘက်ကိုယ်စားလှယ်များ ကြိုးပမ်းဆောင်ရွက်ကြရန် သဘောတူကြပါသည်။

၄။ ဤညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဘက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (အတည်ပြုမူကြမ်း) အမြန်ဆုံး ချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။